-ပေါက်ဖော်ချစ်ကြည်ရေး-

# ပေါက်ဖော်ကပေးသည့်လက်ဆောင်တစ်မျိုးကအလင်းရောင်ပေးခြင်း— ယူနန်ချစ်ကြည်ရေးအသင်းနှင့်ကုသရေးအဖွဲ့သည် မြန်မာနိုင်ငံမျက်စိလူနာရှင်များအတွက်ခွဲစိတ်ကုသမှုများပြုလုပ်

နိုဝင်ဘာလ(၇)ရက်နေ့မနက်တွင် ဆောင်းရာသီဝင်ပြီဟုဆိုသော်လည်း မြန်မာနိုင်ငံအလယ်ပိုင်းစစ်ကိုင်းတိုင်းမြင်းမူမြို့နယ်မြို့ပြင်တွင်အပူပိုင်းဇုန်၏ "နွေးထွေးပူပြင်း" မှုကို ခံစားနေရမြဲဖြစ်သည်။ တရုတ်နိုင်ငံယူနန်ပြည်နယ်မှရောက်ရှိလာသော ကုသရေးအဖွဲ့သည် "စစ်ကိုင်းတိုင်းမြင်းမူထီးဆောင်းမျက်စိဆေးရုံ"သို့ တကူးတကရောက်ရှိလာပြီး "မြင့်မြက်သောလက်ဆောင်"ကို အထူးယူဆောင်လာသည်။ မျက်စိဝေဒနာရှင်(၃၀၀)ဦးအတွက် အတွင်းတိမ်အခမဲ့ကုသပေးခြင်းဖြစ်သည်။ ဆေးရုံဧည့်ကြိုအသင်းမှဧည့်သည်တော်အသီးသီးကို ပန်းစည်းများပေးအပ်ပြီး အလေးအထားဆုံးကြိုဆိုမှုဖြင့် ဧည့်ကြိုသည်။ ၎င်းသည်ယူနန်ပြည်နယ်မှ ပြည်သူ့နိုင်ငံခြားချစ်ကြည်ရေးအသင်းသည် ဆေးကုသရေးအဖွဲ့လိုက်ပို့ပြီး ဆေးရုံသို့ဆေးကုသရန်ဒုတိယအကြိမ် ရောက်ရှိလာခြင်းဖြစ်သည်။

နံနက်(၁၀)နာရီအချိန်တွင် ဆေးရုံအဆောက်အဦး၏ ဒုတိယအထပ်ပေါ်တွင် ဗီနိုင်းကြီးချိတ်ဆွဲထားသောနေရာအရှေ့တွင် "အလင်းရောင်ခရီးစဉ်စတင်ခြင်းအခမ်းအနား"ကို ကျင်းပခဲ့သည်။ အဆိုပါအစီအစဉ်သည် -ယူနန်ပြည်နယ်အပြည်ပြည်ဆိုင်ရာ ချစ်ကြည်ဖလှယ်ရေးဖောင်ဒေးရှင်း၊ ယူနန်ပြည်နယ်ပြည်သူ့နှင့်လူမှုရေးအသိုင်းအဝိုင်း အပြည်ပြည်ဆိုင်ရာဖလှယ်မှုဖြစ်ထွန်းရေးအသင်း"မှ ဦးစီးကျင်းပသည်။ မန္တလေးမြို့အခြေစိုက်တရုတ်နိုင်ငံကောင်စစ်ဝန်ရုံး၊ စစ်ကိုင်းတိုင်းမြင်းမူထီးဆောင်းမျက်စိဆေးရုံ၊ ကြင်းတော်ယန်ပရဟိတအသင်း၊ မန္တလေးရောက်တရုတ်လူမျိုးဝန်ဆောင်မှုအသင်း၊ ကြင်းတော်ယန် အမျိုးသမီးပရဟိတအသင်း၊ ကွန်ယက်ပေါက်ဖော်ဝပ်ဆိုက် စသည့်အသင်းအဖွဲ့များမှ ပူးပေါင်းကျင်းပခြင်းဖြစ်သည်။ တရုတ်မြန်မာပြည်သူ့အကြားဆက်ဆံရေး၏ ကောင်းမှုတစ်ရပ်ပင်ဖြစ်ပေသည်။

ဖွင့်ပွဲအခမ်းအနားတွင် မန္တလေးမြို့အခြေစိုက်တရုတ်နိုင်ငံကောင်စစ်ဝန်ချုပ်ရုံးမှ ကော်စစ်ဝန်ချုပ်မစ္စတာဝမ်ကျုံရှိ၊ ယူနန်ပြည်နယ်ပြည်ပနိုင်ငံခြားနှင့်ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌကျိုဟုန်၊ မန္တလေးတိုင်းမြန်မာတရုတ်ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌဦးပိုမြင့်၊ ထီးဆောင်းဆေးရုံ အုပ်ချုပ်ရေးကော်မတီဒုဥက္ကဋ္ဌဦးကြည်ညွန့်၊ မြင်းမူမြို့နယ်ကျန်းမာရေးဌာနညွှန်ကြားရေးမှူးဒေါ်ကေသီခိုင်တို့က အမှာစကားအသီးသီးပြောကြားကြသည်။

ကောင်စစ်ဝန်ချုပ်ဝမ်ကျုံရှင်ကပြောကြားသည်မှာမြန်မာနိုင်ငံမျက်စိဝေဒနာရှင်များအတွက်အလင်းရောင်များ အကြိမ်ကြိမ်သယ်ဆောင်လာပေးသော ယူနန်ချစ်ကြည်ရေးအသင်းကို ချီးမွမ်းစကားပြောကြားသည်။ သူတို့၏ပရဟိတစိတ်ဓာတ်ကိုအထူးလေးစားကြောင်း၊ ယူနန်ချစ်ကြည်ရေးအသင်းကဲ့သို့ပင် များစွာသောတရုတ်လုပ်ငန်းရှင်များသည်လည်း မြန်မာနိုင်ငံ ဒေသခံပြည်သူများအတွက် နေထိုင်စားသောက်မှုပြဿနာများ၊ အလုပ်အခွင့်အလမ်းများ၊ လူမှုရေးအကျိုးခံစားခွင့်များအတွက် အားအင်များစွာစိုက်ထုတ်ပေးခြင်းစသည်တို့ကို လုပ်ဆောင်ပေးခဲ့ကြကြောင်း ၊ အဆိုပါအရာအားလုံးသည် ခိုင်မြဲသောတရုတ်မြန်မာပေါက်ဖော်ချစ်ကြည်ရေးကို ပေါ်လွင်စေပါကြောင်း စသည်ဖြင့်ပြောကြားသည်။

သတင်းအရသိရသည်မှာ အဆိုပါအစီအစဉ်သည် မျက်စိဝေဒနာရှင်(၃၀၀)ဦးကို (အတွင်းတိမ်)ရောဂါအခမဲ့ကုသပေးမည်သာမက ပရဟိတထီးဆောင်းမျက်စိဆေးရုံ၏ တိုးတက်ဖွံ့ဖြိုးမှုအတွက်မြန်မာငွေ(၅၆)သန်းတန်သောဆေးကုသမှုစက်ကိရိယာများကိုလည်း ပေးအပ်လှူဒါန်းကြောင်းသိရသည်။

မြန်မာနိုင်ငံဘက်မှဧည့်သည်တော်များသည် တရုတ်နိုင်ငံယူနန်ပြည်နယ်ချစ်ကြည်ရေးအသင်း၏ ပရဟိတစေတနာအတွက် အထူးကျေးဇူးတင်ရှိကြောင်းပြောကြားပြီး မြန်မာတရုတ်ချစ်ကြည်ရေးအသင်းသည် မြန်မာတရုတ်နှစ်နိုင်ငံပြည်သူလူထုချစ်ကြည်ရင်းနှီးမှုအတွက် လုပ်ငန်းများကို ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖော်ပြခဲ့သည်။

သတင်းအရသိရသည်မှာ-စစ်ကိုင်းတိုင်းမြင်းမူထီးဆောင်းမျက်စိဆေးရုံသည် ယခုအချိန်တွင်အရှေ့တောင်အာရှ၊ တစ်ကမ္ဘာလုံးနယ်ပယ်အတွင်းတွင် ပရဟိတရည်မှန်းချက်ဖြင့်တည်ဆောက်ထားသောမျက်စိဆေးရုံများအနက် အကြီးကျယ်ခမ်းနားဆုံးဖြစ်ကြောင်း သိရပါသည်။ ဆေးရုံတွင်နေ့စဉ်နေ့တိုင်း မျက်စိရောဂါဝေဒနာရှင်(၁၀၀)ဦးအတွက် အခမဲ့ခွဲစိတ်ကုသမှုများကို ပြုလုပ်ပေးသည်။ လူနာများရယူထားသော ခွဲစိတ်မှုရက်ချိန်းသည် နောက်သုံးလအထိအပြည့်ဖြစ်ပြီး ဖြစ်သည်။ အပူပိုင်းဒေသသည်ရေအလွန်ရှားပါးသောကြောင့် မျက်စိဝေဒနာအများဆုံးဖြစ်ပေါ်သော ဒေသလည်းဖြစ်သည်။ တရုတ်နိုင်ငံ ပြည်သူ့အကျိုးပြုအဖွဲ့များသည် ရောဂါဝေဒနာရှင်များအတွက် အလင်းရောင်ကို သယ်ဆောင်လာကြသည်။ ၎င်းသည် အကောင်းဆုံးပရဟိတအပြုအမူဖြစ်သည်။ မြန်မာနိုင်ငံပြည်သူလူထု၏ကျေးဇူးတင်ကြောင်းနှင့် ချီးမွမ်းခြင်းကို ခံရသည်။





-ယူနန်၏ဆွဲဆောင်မှု-

# ယူနန်နော်မန်တက္ကသိုလ်၏"အပြင်သို့လျှောက်ထွက်ခြင်း"သင်တန်းဖွင့်လှစ်ခြင်းသည် ရလဒ်များပြား

"ကျွန်တော်သည် ယူနန်နော်မန်တက္ကသိုလ်၏"တရုတ်-လာအိုပြန်လည်အသုံးပြုနိုင်သော စွမ်းအင်ဖွံ့ဖြိုးရေးနှင့်အသုံးပြုရေးပူပေါင်းဓာတ်ခွဲခန်း"မှ ကာလရှည်ကြာစွာ စွမ်းအင်အသစ်ကဏ္ဍလူရည်ချွန်များမွေးထုတ်ပေးခြင်း၊ စီမံကိန်းတည်ဆောက်မှုနှင့် နည်းပညာထောက်ပံ့ပေးမှုအပိုင်းတွင် ပေးအပ်သောကူညီမှုအတွက်အထူးပင် ကျေးဇူးတင်ရှိကြောင်းပြောကြားအပ်ပါသည်။"ဟု ဇူလိုင်လ(၂၅)ရက်နေ့တွင် တရုတ်လာအိုနှစ်နိုင်ငံသိပ္ပံနည်းပညာဌာနမှ လာအိုနိုင်ငံဗီယင်ကျန်းမှာကျင်းပသော အပြည်ပြည်ဆိုင်ရာမွမ်းမံသင်တန်း၊ လာအိုနိုင်ငံသိပ္ပံနည်းပညာဌာနမှ ပြန်လည်အသုံးပြုနိုင်သောစွမ်းအင်နှင့်ပစ္စည်းအသစ် သုတေသနဌာနဌာနမှူး Maytyက ထိုကဲ့သို့ပြောကြားသည်။

"ဂုဏ်ပြုခြင်း"၊ "ယုံကြည်မှုရှိခြင်း"၊ "ကျေးဇူးတင်ခြင်း" အဆိုပါစကားရပ်များသည် နိုင်ငံခြားမိတ်ဆွေများနှင့် ယူနန်နော်မန်တက္ကသိုလ်တို့အကြား ဖလှယ်မှု၊ အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုတွင် အမြဲအသုံးပြုသော စကားရပ်များဖြစ်သည်။

နိုင်ငံခြားသားများပြားခြင်း၊ ကမ္ဘာ့ဘာသာစကားဘာသာရပ် များပြားခြင်းသည် ယူနန်နော်မန်တက္ကသိုလ်၏ကျောင်းတွင်းနေထိုင်မှု၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ ယခုနှစ်ပိုင်းတွင် ယူနန်နော်မန်တက္ကသိုလ်သို့ လာရောက်ပညာသင်ကြားသော ပညာတော်သင်များသည် နိုင်ငံ(၉၀)ကျော်မှ ရောက်ရှိလာခြင်းဖြစ်သည်။ နှစ်စဉ်နှစ်တိုင်းအနည်းဆုံးနိုင်ငံ(၄၀)မှ ကျောင်းသားကျောင်းသူများကို ပညာသင်ကြားရန် ခေါ်ယူလေ့ရှိသည်။

"ကျွန်တော်တို့သည် တရုတ်ဘာသာစကားကို ဆက်လက်သင်ကြားလိုသည်။" ၎င်းသည်ယမန်နှစ်ကမြန်မာနိုင်ငံအစိုးရဝန်ထမ်း တရုတ်ဘာသာစကားသင်ကြားမှုအတန်းမှ ကျောင်းဆင်းပွဲတွင်ပြောခဲ့သော အမှာစကားဖြစ်သည်။ ယင်းမွမ်းမံသင်တန်းသည် ယူနန်နော်မန်တက္ကသိုလ် မှတာဝန်ယူဖွင့်လှစ်ကျင်းပသည်။ နှစ်(၅၀)အတွင်းတွင်မြန်မာနိုင်ငံအစိုးရဌာနများမှ ပထမဆုံးတရုတ်ဘာသာစကားမွမ်းမံသင်တန်း လာရောက်သင်ကြားသော အစိုးရဝန်ထမ်းအဖွဲ့ဖြစ်သည်။

၂၀၀၂ခုနှစ်ကတည်းကယူနန်နော်မန်တက္ကသိုလ်သည်အိမ်နီးချင်းနိုင်ငံများဆရာများအတွက် တရုတ်ဘာသာစကားမွမ်းမံသင်တန်းကို ဖွင့်လှစ်ပေးခဲ့သည်။ ၂၀၁၁ခုနှစ်ဇွန်လတွင် နိုင်ငံတော်ပင်လယ်ရပ်ခြားတရုတ်ရေးရာဦးစီးဌာန(ချောင်ပန့်)သည် ယူနန်နော်မန်တက္ကသိုလ်တွင် နိုင်ငံတော် ပင်လယ်ရပ်ခြားတရုတ်ရေးရာဦးစီးဌာန(ချောင်ပန့်) တရုတ်ဘာသာစကားသင်ကြားရေးအခြေစခန်းကို တည်ထောင်ခဲ့သည်။ ၂၀၁၂ခုနှစ်နိုဝင်ဘာလတွင် နိုင်ငံတော်ပင်လယ်ရပ်ခြားတရုတ်ရေးရာဦးစီးဌာန(ချောင်ပန့်)က ယူနန်နော်မန်တက္ကသိုလ်တွင် အနောက်တောင်ပိုင်းဒေသ ပထမဆုံးနိုင်ငံတော်တရုတ်ဘာသာစကား နိုင်ငံတကာပြန့်ပွားရေးဆရာမွေးထုတ်ခြင်း အခြေစိုက်စခန်းကို ဖွင့်လှစ်ရန်ခွင့်ပြုခဲ့သည်။

ယူနန် နော်မန်တက္ကသိုလ်သည် အဆိုပါပလက်ဖောင်းနှစ်ခု၏ လုပ်ဆောင်ချက်များကို အပြည့်အဝအသုံးပြုပြီး ပုံစံမျိုးစုံသော မွမ်းမံသင်တန်းများဖွင့်လှစ်ခြင်း၊ သုတေသနပြုစုခေါင်းစဉ်များဖြင့်သုတေသနပြုဆောင်ရွက်ခြင်းစသည့် စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ခဲ့ကြသည်။ စီမံကိန်းစုစုပေါင်း(၁၀၀)ကျော် အကောင်အထည်ဖော်ဆောင်ခဲ့သည်။ နိုင်ငံ(၉၀)ကျော်မှလူပေါင်းသောင်းချီရှိဆရာ၊ တပည့်များကမွမ်းမံသင်တန်းနှင့်ဖလှယ်ရေးတွင်ပါဝင်ခဲ့သည်။ နိုင်ငံတော်၏ပထမဆုံး တရုတ်ဘာသာစကားသင်ကြားမှု စေတနာ့ဝန်ထမ်းများကို စေလွှတ်ခွင့်ရဌာနဖြစ်သည့်အလျှောက် ကျောင်းဆရာ(၅၈၀)ကျော်ကို စေလွှတ်ပြီး အိမ်နီးချင်းနိုင်ငံအသီးသီးထံသို့ တရုတ်ဘာသာစကားသင်ကြားပေးကြသည်။

ယခုအချိန်ထိတိုင် ယူနန်နော်မန်တက္ကသိုလ်သည် နိုင်ငံ(၂၈)နိုင်ငံနှင့်ဒေသ(၁၂၁)ခုတွင်ရှိတက္ကသိုလ်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း ဖလှယ်ရေးသဘောတူညီမှုစာချုပ်များကို ချုပ်ဆိုခဲ့သည်။ စီမံကိန်းများကိုစတင်လုပ်ဆောင်ပြီး တကယ်လက်တွေ့အကျိုးတူပူးပေါင်းဆောင်ရွက်မှုကို အကောင်အထည်ဖော်ဆောင်ရွက်သော နိုင်ငံသည်(၁၈)နိုင်ငံရှိပြီး အဆင့်မြင့်တက္ကသိုလ်(၅၇)ကျောင်းရှိသည်။ အမေရိကန်၊ ကနေဒါ၊ ဩစတေးလျ၊ နယူးဇီလန်၊ ပြင်သစ်၊ ရုရှား၊ ဘယ်လ်ဂျီယံ၊ ဆွီဒင်၊ စပိန်၊ အိုင်ယာလန်၊ ထိုင်း၊ အိန္ဒိယ၊ မြန်မာ၊ လာအို၊ ဘင်္ဂလားဒေ့ရှ်စသည့်နိုင်ငံများဖြစ်သည်။

သတင်းထောက် ကျူးတုံဟွာ၊
ကျန်ရှော့ဂူ၊ လျှိုကျီယူ